
နေသူနိုင်
ဓားသွားထက်က ရှင်းတမ်း
(စ/ဆုံး)

# အပိုင်း ၁

ယန်ကျိုးမြို့

ဆောင်းနှင်းများ သည် အဆုပ်လိုက် အဆုပ်လိုက် တစ်ဖွဲဖွဲ မြေကမ္ဘာပေါ်စို့ ကျဆင်းနေလေသည် ။

တစ်ချက် တစ်ချက် တိုက်ခက်လာသော ညဥ့်လေ အေးစက်စက်က လူသားတို့ အတွက် ရိုးတွင်းချဥ်ဆီ အထိ ဒုက္ခ ပေးနေသောကြောင့် လူသားတို့ မှာ အိမ်အတွင်းရှိ မီးလင်းဖိုအား အဆက်မပြက် တောက်လောင်စေရန် ထင်းတုံးကြီးများ ထည့်ထားကြလေပြီး လေဝင်နိုင်သည့် အပေါက်မှန်သမျှ အားလုံးပိတ်ထား ကြလေသည် ။

သို့သော်ငြားလည်း အအေးဓာတ်ကား လျော့ပါးသွားခြင်း မရှိချေ။

မိုးရိပ် အနည်းငယ်ရှိသော ကောင်းကင်ထက်တွင် လမင်းကြီးက လပြည့်ည အတွက် တာဝန် အပြည့်အဝ ထမ်းဆောင်နေသောကြောင့် ညဥ့်အခါ ဖြစ်သော်လည်း ယန်ကျိုးမြို့ လမ်းမကြီးကဖြင့် အလင်းရောင် လုံလောက်စွာ ရနေလေ၏။

လူတစ်ယောက် ခေါင်းစွတ်ပါသော ဖျင်ကြမ်းအင်္ကျီအား ဝတ်ဆင်ထားပြီး ဦးခေါင်းထက်ဝယ် မြက်ခမောက် တစ်လုံးအား ထပ်ဆင့်ဆောင်းထားလေသည် ။

ချမ်းလွန်းလှသည့်ဒဏ်အား ကာကွယ်နိုင်ရန်ထင့်...

ဘယ်လက်တွင် အတော်ကြီးမားသော အရက်အိုး တစ်လုံးအား ပါးစောင်မှ စီးကျသည့်တိုင် အားပါးတရ မော့လိုက်ပြီး လူသူ ကင်းမဲ့သော ယန်ကျိုးမြို့၏ လမ်းမကြီးပေါ်တွင် လမ်းအပြည့် တစ်ယောက်တည်း ယိမ်းထိုးကာ လျှောက်နေလေ၏။

သူ၏ မျက်နှာချင်းဆိုင် အရပ်ကား ယန်ကျိုးမြို့ အစွန်ရှိ ဓားရာဇာ လွှဲဖုံး ၏ အိမ်ဂေဟာ သို့ ဦးတည်လျှက် မီးတုတ်များ စီတန်း၍ ထောင်ထားသော ကွက်လပ်အလယ်တွင် သိုးမွေးအင်္ကျီအား ဝတ်ဆင်ထားသော လူတစ်ယောက် ဆောင်းနှင်း၏ အအေးဒဏ်အား မမှုသည့် ဟန်ဖြင့် မလှုပ်မယှက် ရပ်နေလေသည် ။

ထိုသူကား ယန်ကျိုးမြို့ ၏ ဓားရာဇာ လွှဲဖုံး ဖြစ်လေသည် ။

မီးတောက်များ အပေါ်သို့ နှင်းဆုပ်များကျသောကြောင့် တဖျစ်ဖျစ် မြည်နေလေ၏။ သို့သော်လည်း ထိုအသံမှ အပ မည်သည့်အသံမှ မကြားရချေ။

ဆိုရသော် လွှဲဖုံး၏ အိမ်ဂေဟာ တွင် မည်သူမျှ မရှိလေရော့ သလား မှားပေ၏။

အိမ်ဂေဟာ အဝင်ဝသို့ မလှုပ်မယှက် ကြည့်နေသော လူပေါင်းလေးဆယ်ခန့် ရှိလေသည် ။

တိတ်ဆိတ်လွန်းသောကြောင့် အသက်ရှူသံ ပြန်ကြားရသည့် အထိ ပင် ၎င်းတို့ သည် တစ်စုံတစ်ယောက်၏ အလာအား စောင့်မျှော်နေဟန် ရှိလေသည် ။

ဟုတ်ပါသည် သူတို့ စောင့်ဆိုင်းနေသူမှာ လက်ရှိ သိုင်းလောကတွင် နာမည် ဟိုးဟိုးကျော်နေသော ဓားတစ္ဆေအား စောင့်ဆိုင်နေခြင်း ဖြစ်

လေသည် ။

ဓားတစ္ဆေ

မည်ကဲ့သို့သော လူဖြစ်သနည်း။

လွန်ခဲ့သည့် ရှစ်နှစ်ခန့်လောက်က ပေါ်လာသော အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိ လူရွယ်တစ်ဦး

ဓားပညာတွင် မှော်ပေါက်နေသည် ဟု ထင်ရလောက်အောင် တစ်ဖက်ကမ်းခပ် တတ်ကျွမ်းထားပြီး လူတစ်ယောက်အား သက်ရန် မျက်တောင်မခက်သော သိုင်းသမားဆိုးတစ်ဦး ဖြစ်လေသည် ။

သွေးစက်ဝန်းဂိုဏ်းအား ဖြိုခွဲပြီးနောက် သိုင်းလောက အလယ် စတင် ခြေချလာသည့် သိုင်းသမား တစ်နှစ်အတွင်း ပထမတန်းစား ထိပ်သီးဓားသမား ခြောက်ယောက်သေ လေးဦးဒဏ်ရာ ရလေသည် ။

ကြေးစားဓား ရံဖန်ရံခါ လုပ်တတ်ပြီးနှစ် နှစ်ခန့်အကြာတွင် ဓားတစ္ဆေ ဟူသော ဘွဲ့အား ပိုင်ဆိုင်နေချေပြီ။

ငါးနှစ်ခန့် အကြာတွင် ဓားတစ္ဆေ၏ လက်ချက်ကြောင့် အဖြူအမည်း သိုင်းသမားများ ငါးဆယ်ကျော် သေဆုံးသွားခဲ့ပြီး အယောက် နှစ်ဆယ်လောက်မှာ ဒုက္ခိတ ဘဝရောက်ရ ရှာလေ၏။

စိန်ခေါ် တိုက်ခိုက်တတ်သော အကျင့်ကြောင့် ဂိုဏ်းချုပ်ကြီးများမှာ လက်ပိုက်ကြည့် နေရလေသည် ။

ဓားရာဇာ လွှေဖုံး မှာ ဓားတစ္ဆေ အား ပထမဆုံး စိန်ခေါ်သောသူ ဖြစ်လေသည် ။

ဓားရာဇာလွှေဖုံး မှာ ဓားသိုင်းမြစ်ဖျားခံရာ ဝူတန် ဂိုဏ်းချုပ်ကြီး

ထက် အဆင့် အနည်းငယ်သာ နိမ့်ပြီး သူ၏ ဓားရာဇာ ဘွဲ့အား အလွယ်တကူ ရရှိခဲ့ခြင်း မဟုတ်ချေ။ ထိုကဲ့သို့ ဓားရာဇာ တစ်ဦးနှင့် ဓားဝိညာဉ် စွဲကပ်နေသော သူတို့ ၏ ပြိုင်ပွဲအား သိုင်းလောကရှိ သိုင်းသမား များ အအေးဒဏ်အား အံတုပြီး လာရောက် ကြည့်ကြခြင်း ဖြစ်လေသည် ။

"သူ လာပြီ ..."

သိုင်းသမား တစ်ဦး၏ ရေရွတ်သံကြောင့် ကျန်သိုင်းသမားများက သူတို့ လည်း မြင်တွေ့သည် ဟု ခေါင်းညိတ်ပြရင်း ဓားတစ္ဆေ ကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည် ။

လမ်းအပြည့် လျှောက်လာသော ဓားတစ္ဆေ က အိမ်ဝန်းအတွင်းသို့ ဝင်လာရင်း သူ၏ လက်မှ အရက်အိုးအား အိမ်ထောင့် တစ်နေရာတွင် ချထားလိုက်ပြီး ဒယိမ်းဒယိုင်ဖြင့် လွှေဖုံးအနားသို့ တိုးကပ်သွားလေ၏။ ထို့နောက် သူ၏ ဓားအား ရွှမ်းခနဲ ထုတ်ကာ လွှေဖုံးအား ဓားဦးဖြင့် ချိန်ကာ

"ကဲ စကြမယ်"

ဟူသော အာလေးလျှာလေး အသံဖြင့် ပြော လိုက်လေသည် ။ သို့သော် လွှေဖုံးမှာ မကြားသည့် အလား တုတ်တုတ်မျှမလှုပ် ...။

"မင်း ငါ့ရဲ့ ညီ လွှေဝါးကို သတ်လိုက်တာ သူများ သတ်ခိုင်းတယ်လို့ ကြားသိရတယ် ဘယ်သူ သတ်ခိုင်းတာလဲ ပြောရင် မင်းရဲ့ တန်ဖိုးမရှိတဲ့ အသက်ကို ချမ်းသာပေးလိုက်မယ်"

"ဟားဟား ဟားဟား ဟားဟား အပိုတွေ ပြောမနေနဲ့ ဓားထုတ်လိုက်တော့..."

တစ္ဆေတစ်ကောင် ရယ်သံမျိုးဖြင့် ရယ်လိုက်ပြီး စူးရှရှ ပြန်လည်

ပြောဆိုလိုက်လျှင်

"မင်း"

လွှဖုံး မှာ စိတ်ထွက်သွားသော်လည်း အချိန်မီပြန်လည် ထိန်းချုပ်ထားလိုက်ပြီး…

"ကောင်းပြီလေ မင်းက သေချင်နေတော့လည်း ဖြည့်ဆီးပေးရမှာပေါ့ မင်းဓားကွက် ထုတ်လိုက်ပါ"

"ရှမ်း"

"ဟိတ်"

လွှဖုံး သူ၏ ဓားအား ဆွဲထုတ်လိုက်ပြီးနောက် သူ၏ မူပိုင် ဓားကွက်ဖြစ်သော အရိုင်းမိစ္ဆာ ဓားကွက်ဖြင့် စတင်တိုက်ခိုက် လိုက်လေ၏။

"ထန်း ထန်း ထန်း ချွမ်း"

ဓားတစ္ဆေက သူ၏ ဓားအား လက်ပြန်ကိုင်ထားရာမှ လည်မြိုဆီသို့ တိုးဝင်လာသော ဓားခုတ်ချက်အား ဓားဖြင့် လက်ပြန်တွတ် ဖယ်ရှားရင်း ပြောင်းလည်း သွားသော ဓားချက်သုံးချက် ကိုပါ ဆက်တိုက် ခုခံပယ်ဖျက်လိုက် ပြန်လေသည် ။

ညအခါမို့ ဓား၏ ပြင်းထန်သော ထိတွေ့မှုကြောင့် မီးပွင့် ကလေးများ ပင် ဖြာထွက်သွားလေသည် ။

"ယား"

"ချွမ်း ထန်း ချွင် ချွမ်း…"

လွှဖုံး၏ ဓားချက်များမှာ တစ်ဖြည်းဖြည်း စိတ် လာပြီးနောက် ပိုက်ကွန်သဖွယ် ဓားတစ္ဆေ ၏ ကိုယ်ခန္ဓာပေါ်သို့ ဖြန့်ကျက်သွားသော်လည်း

ခားတစ္ဆေ ၏ ခားကွက်တစ်ချက် ထွက်ပေါ်လာတိုင်း လွှေဖုံး၏ ခား ကွက်မှာ အဆက်ပြက် ပြက်သွားရလေ၏။

ထို့ကြောင့် လွှေဖုံးက သူ၏ အတွင်းအားကို ရှစ်ဆင့်ထိ မြင့်တင်ကာ ပေါင်းစပ်ခားကွက်ဖြင့် ပြင်းထန်စွာ ထပ်ဆင့်တိုက်ခိုက်လိုက်ပြန်လေသ ည် ။

ပေါင်းစပ် ခားကွက်လွှေဖုံး၏ ဘ၀တစ်သက်တာရှိ တိုက်ပွဲပေါင်း အ လီလီမှ ခားကွက် အနှစ်ချုပ်များအား စုစည်းထားသော သိုင်းခုနှစ်ကွက် ဖြစ်လေသည် ။

ခားအား လက်ပြောင်းပြန် ကိုင်ထားရာမှ ချက်ချင်း အတည့်ကိုင်ကာ တည်ကြည်သွားသော ခားတစ္ဆေ၏ မျက်နှာအား ကြည့်ခြင်းအားဖြင့် လွှေဖုံး၏ ပေါင်းစပ်ခားသိုင်းမှာ မည်မျှ အဆင့်မြင့်သည် ကို ခန့်မှန်း၍ ရ နိုင်လေသည် ။

ခဏချင်း သိုင်းကွက် လေးဆယ်ကျော် သွားချေပြီ။ လွှေဖုံး၏ ခားနှစ် ကွက်အား ခုခံပြီးနောက် ခားတစ္ဆေ မှာ မပေ့ါဆ ၀့်တော့ချေ။

လွှေဖုံး၏ ညီဖြစ်သူ လွှေ၀ါး၏ ခားသိုင်းမှာ ညံ့သလောက် လွှေဖုံး၏ ခား ကွ က် မှာ ထက်မြက်လွန်း လှပေသည် ။ ခားရာဇာဟူသော ဘွဲ့ အမည်ဖြင့် လိုက်ဖက်ပါပေ့...

"ထန်း ထန်း ချွမ်း "

ထပ်မံထိပ်တိုက် တွေ့ဆုံမှု့ အပြီးတွင် လူချင်း ခြေငါးလှမ်းစာမျှ ခွာ သွားလေပြီး

တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်နေကြလေ၏။

လွှေဖုံး ခားတစ္ဆေ၏ ခုခံကွက်များအား ကြည့်ရင်း စိတ်ထဲကျိတ်၍

ချီးမွမ်း လိုက်လေသည် ။ သိုင်းကွက် လေးဆယ်ကျော်အတွင်း သူ၏ သိုင်းကိုသာ အသာအယာ ရှောင်ရှားနေပြီး အသက်ကယ် ဓားကွက်အား ထုတ်သုံးမှ ဓားတစ္ဆေ၏ ထက်မြက်သော ဓားတစ်ကွက် ကို တွေ့မြင်ခွင့် ရ လိုက်လေသည် ။ ဓားတစ္ဆေ ဟူသော ဘွဲ့အမည်ဖြင့် လိုက်ဖက်အောင် တော်လွန်း ထက်လွန်းလေသည် ။

ဓားတစ္ဆေ ၏ စိတ်ထဲတွင် လည်း လွှဖုံး၏ နောက်ဆုံး အသုံးပြု လိုက်သော ဓားနှစ်ကွက်အား တွေ့လိုက်ရစဉ် ကတည်းက သူ၏ ဘဝတ စ်လျှောက် ယှဉ်ပြိုင်ခဲ့သော သိုင်းသမားများ ထဲမှ အခက်ခဲဆုံး ယှဉ်ပြိုင် မှုများ နှင့် တန်းတူထားကာ အသိအမှတ်ပြု လိုက်ရလေသည် ။

အချိန်အနည်းငယ် ကြာ တစ်ဦးနှင့်တစ်ဦး ကြည့်နေကြပြီးနောက် ယခု တစ်ကြိမ်တွင် တော့ ဓားတစ္ဆေ က ဦးစွာ တိုက်ခိုက် လိုက်လေ သည် ။

"ရွှမ်း ဝှမ်း..."

မိုးဓားတစ်ချက်နှင့် အတူ လေခွင်းသံ ကြားလိုက်ရသည် နှင့် ကြည့် နေကြသော လူလေးဆယ်၏ မျက်ဝန်း အစုံစုံမှာ ညို့ယူခံလိုက် ရသလို ဓားတစ္ဆေ ၏ ကိုယ်ခန္ဓာ မှ မခွာတော့ချေ။

နဂိုထက်လေးဆ ပိုလျှင်မြန်လာသော ဓားချက်အား လွှဖုံးမှာ အလျ င်အမြန် ရှောင်ရှား ပေးလိုက်ရလေ၏။ ပထမ မိုးဓားချက် လွတ်ရုံဆိုသ ည် နှင့် ဓားတစ္ဆေ၏ လက်ကိုင်ဓားမှာ စက်ဝိုင်းသဏ္ဌာန် လှည့်ပက်သွား ပြီး ဓားကွက်သုံးခု ထပ်မံ တိုးဝင်လာရာ လွှဖုံးမှာ ဓားတစ်ချက်အား ကိုယ်တစောင်းထား၍ ရှောင်လိုက်ပြီး ကျန်နှစ်ချက်အား ဓားဖြင့် ကာကွ ယ်ပယ်ဖျက် လိုက်နိုင်လေသည် ။

"ထန်း ချွမ်း..."

မီးပွင့်ကလေးများ ပင် ပွင့်ထွက် လာပြီးနောက် လွှေဖုံး၏ ပေါင်းစပ်ဆားကွက် အား မထုတ်နိုင်လောက်အောင် တရစပ် တိုက်ခိုက်ခြင်းကို ခံလိုက်ရလေရာ လွှေဖုံးမှာ အောက်စည်းသို့ ချက်ချင်း ရောက်ရှိ သွားလေသည် ။

ဆီမီးတိုင် အလင်းရောင်ကြောင့် ဓားတစ္ဆေ၏ မျက်လုံးအစုံမှာ နီရဲလာသည် ကို လွှေဖုံး တွေ့မြင်လိုက်ရာ လွှေဖုံး အလိုလို ထိတ်လန့် သွားလေသည် ။

မိစ္ဆာ တစ်ကောင်အလား တစ္ဆေ တစ်ကောင်အလား

အရိပ်တို့ ကိုသာ တွေ့မြင်ရပြီး ဓားတစ္ဆေမှာ ဘွဲ့နာမည် နှင့်အလိုက် လွှေဖုံး၏ သေကွင်းသေကွက် များ ဆီကိုသာ ဓားဖြင့်ဦးတည် တိုက်ခိုက်နေရာ လွှေဖုံးမှာ အလျင်အမြန် ရှောင်ရှားနေရလေ၏။

"ချွမ်း... "

ပြင်းထန်သော ထိတွေ့မှုကြောင့် မီးပွင့်လေးများ ပင် ထွက်ပေါ်လာ၏။

ထို့အပြင် လွှေဖုံးမှာ မဟန်နိုင်စွာ နောက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်ခွာ ပေးလိုက်ရလေသည် ။

"ဟိုက်...ဒီကောင်က ငါ့ထက် အတွင်းအား သာနေတာလား...မဟုတ်နိုင်ဘူး အလွန်ဆုံးရှိလှ နှစ်သုံးဆယ်ပေါ့ ငါ့ရဲ့ အတွင်းအား ခုနှစ်ဆင့်ကို ခံနိုင်တယ် ဆိုတာ တော်ရုံ မဟုတ်ဘူး ... ငါဦးအောင်တိုက်မှ ရမယ်..."

လွှေဖုံး၏ အတွေးများ ဆုံးသည် နှင့် ခုခံကွက်ကို ပြောင်းလည်းလိုက်လေသည် ။

ယခုအချိန်ထိ ဖိ၍ တိုက်နေသော ဓားတစ္ဆေ ကလည်း အဆက်မပြတ် ဖိအားပေးနေဆဲ...

"ထန်းးချွင် ချွင်..."

ဓားတစ္ဆေ ၏ ဓားချက်အား ထိပ်တိုက် တွေ့ဆုံပေးကာ နောက်သို့ ခုန်ဆုတ်လိုက်ပြီး မြေပြင်အား ခြေဆောင့်ကာ ဓားတစ္ဆေ ထံခုန်ဝင်ကာ ပေါင်းစပ်ဓားကွက် ဖြင့် အပြင်းအထန် ဝင်ရောက် တိုက်ခိုက်လိုက်ပြီး နောက် အတွင်းအားကိုလည်း ကိုးဆင့်အထိ မြင့်တင် လိုက်လေသည် ။

သမ္မာကြွယ်သော သိုင်းရာဇာ၏ ပြောင်းလည်း တိုက်ခိုက်မှုကြောင့် ဓားတစ္ဆေ အနည်းငယ် အလုပ်ရှုပ်သွားသည် မှ အပ ထူးခြားမှု့ မရှိချေ။

"ဟားဟား ဟားဟား ဟားဟား ဟားဟား"

ကြားရသူတိုင်း နားမခံသာသည့် အပြင် ကြက်သီးဖျန်းဖျန်း ထနိုင်သည့် ရယ်သံကြောင့် ကြည့်ရှုနေသူ လူလေးဆယ်ခန့်မှာ လန့်ဖြန့် သွားသလို အတွင်းအား အရှိန်တို့ ၏ ပေါင်းစပ်မှု့ကြောင့် လွှဖုံး၏ ရင်ထဲ လှုပ်ရှားခြင်း စိုးရိမ်ခြင်း ထိတ်လန့်ခြင်း စသည် တို့ ပေါင်းစည်းကာ အကွက်အနည်းငယ် ပျက်သွားလေတော့၏။

ထိုအခွင့်အရေးမှာ ဓားတစ္ဆေ အဖို့ ရွှေထက် တန်ဖိုးရှိသော မဟာ အခွင့်အရေးတစ်ခု ဖြစ်လေသည် မဟုတ်ပါလော။

လွှဖုံး၏ လွတ်ဟာသွားသော ခါးစောင်းဆီသို့ အယောင်ပြ ဓားဦးဖြင့် လှမ်းထောက်လိုက်ပြီးနောက် တစ်ဆက်တည်း လည်မြိုဆီသို့ ပိုင်းချလိုက်လေရာ လွှဖုံးမှာ လျင်မြန်စွာ ခုခံလိုက်ရ လေပြီးနောက် ဓားတစ္ဆေ ၏ ဟာကွက်ဖြစ်သည့် ပခုံးအပေါ်ဘက်မှ ဦးထိုးချလိုက်ရာ...

"ဇွတ်...အ...အာ့...အား...မင်း...မင်း...အင့် ရွက် ဒုတ်..."

ကြိုတင်တွက်ဆ ထားသော ဓားချက်ကြောင့် ဓားတစ္ဆေ က လှေဖုံး လက်မြှောက်လိုက်သည် နှင့် ဟာကွက် ချိုင်ကြားထဲသို့ ဓားဖြင့် ထိုးချလိုက်ရာ လှေဖုံးမှာ အံ့အားတကြီးဖြင့် မရှောင်နိုင်တော့သည့် အပြင်ထပ်မံတိုးဝင်လာသော လည်မြိုဓားချက်အား ခုတ်ခံ ရလိုက်ပြီးနောက် မြေပြင်ပေါ်သို့ တအိအိ လဲကျ သွားလေတော့သည် မဟုတ်ပါလော။

"ဟားဟား ဟားဟား ဟားဟား ဟားဟား...."

ကျယ်လောင်သော ရယ်မောသံနှင့်အတူ အရက်အိုးအား ကောက်ကိုင်ကာ ဓားရာဇာ၏ အိမ်ဂေဟာ အတွင်းမှ ထွက်ခွာသွားသော ဓားတစ္ဆေ အား ကြည့်ကာ လူပေါင်း လေးဆယ်ခန့်မှာ မည်သည့် စကားမှ မပြောသေးခင် ဓားတစ္ဆေ မှာ အဝေးသို့ ရောက်ရှိ သွားလေတော့သည် မဟုတ်ပါလော...။

***